**Global World Insurance CO., LTD.**
No. (62), Bahosi Development, Wadan Street, Lamadaw Township, Yangon, Myanmar.
T: 01-2302508~9
Hotline Ph: 09 33087771
Call Center: (95-1) 9670777
F: (95-1) 2302507

**Press Release**

# Global World Insurance (GWI) ၏ (၅) နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနား ပြုလုပ်ကျင်းပ

- *Global World Insurance Company ကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင် စတင်တည်ထောင်ခဲ့ပါသည်။*

**ရန်ကုန်- စက်တင်ဘာ ၂၄ ရက်၊ ၂၀၁၈ ခုနှစ်** - Global World Insurance (GWI) ၏ (၅) နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင် Lotte Hotel ၌ ပြုလုပ်ကျင်းပခဲ့ပြီး ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော မိတ်ဖက်အာမခံလုပ်ငန်းရှင်များ နှင့် ဧည့်သည်တော်များ တက်ရောက်ဂုဏ်ပြုခဲ့ကြပါသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲတွင် GWI မှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့် မြန်မာ့အာမခံလုပ်ငန်း ဥက္ကဋ္ဌ ဒေါက်တာ စန္ဒာဦးတို့မှ ဂုဏ်ပြုအမှာစကားများ ပြောကြားခဲ့ပါသည်။ ထို့နောက် GWI တွင် ငါးနှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်း (၁၃) ဦး နှင့် ငါးနှစ်အတွင်း အာမခံ ပရီမီယံကြေးအများဆုံးရရှိခဲ့သော အာမခံကိုယ်စားလှယ် (၆) ဦးတို့အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး အာမခံကိုယ်စားလှယ်တစ်ဦးမှလည်း အမှတ်တရဂုဏ်ပြုစကားပြောကြားခဲ့ပါသည်။ GWI ၏ Brand Ambassador ဖြစ်သူ အကယ်ဒမီ ပိုင်ဖြိုးသုမှလည်း အဆိုပါ ညစာစားပွဲသို့ တက်ရောက်ဂုဏ်ပြုခဲ့ပြီး အာမခံထားရှိခြင်း၏ အကျိုးကျေးဇူးများ နှင့် အတွေ့အကြုံများကိုလည်း ဝေမျှပြောကြားပေးခဲ့ပါသည်။




*GWI ၏ (၅) နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင် Lotte Hotel ၌ ပြုလုပ်ကျင်းပခဲ့သည်။*

GWI သည် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်မှစတင်၍ အာမခံဝန်ဆောင်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး အသက်အာမခံ၊ ကားအာမခံ၊ မီးအာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ သမာဓိအာမခံစသည့် ကနဦး အာမခံဝန်ဆောင်မှု (၆) မျိုးဖြင့် စတင်ဝန်ဆောင်မှုပေးခဲ့ပါသည်။

GWI သည် မြန်မာနိုင်ငံရှိ ပြည်တွင်းပုဂ္ဂလိကအာမခံကုမ္ပဏီ (၁၁) ခုအနက်မှ တစ်ခုအပါအဝင်ဖြစ်ပြီး မြန်မာနိုင်ငံအနှံ့ ရုံးခွဲပေါင်း (၆) ခုမှ ကျွမ်းကျင်ဝန်ထမ်းပေါင်း (၂၀၀) ခန့်ဖြင့် အာမခံဝန်ဆောင်မှုများကို ၂၄ နာရီ ပိတ်ရက်မရှိ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ထို့အပြင် ပြည်သူများအနေဖြင့် အာမခံဆိုင်ရာ ဗဟုသုတများ ရရှိစေရန် နှင့် အာမခံဝန်ဆောင်မှုများကို လက်လှမ်းမီစွာ ဝယ်ယူနိုင်ရန်အတွက် မြန်မာနိုင်ငံအနှံ့ရှိ အာမခံကိုယ်စားလှယ် ၅၀၁ ဦးဖြင့် လက်တွဲဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါတွင် GWI သည် ကနဦးစတင်ခဲ့သည့် အာမခံဝန်ဆောင်မှု (၆) မျိုးမှ အသက်အာမခံအပါအဝင် အာမခံဝန်ဆောင်မှု (၁၄) မျိုးအထိ တိုးချဲ့ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

GWI ၏ အာမခံဝန်ဆောင်မှုများမှာ

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ စုပေါင်းအသက်အာမခံ
၃။ မွေးအန္တရာယ်အာမခံ
၄။ အားကစားသမားများ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၅။ အထူးခရီးသွားအာမခံ
၆။ ကျန်းမာရေးအာမခံ
၇။ ခရီးသွားအာမခံ
၈။ တောင်သူလယ်သမားအသက်အာမခံ
၉။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ နှစ်တို ငွေပင်ငွေရင်းအာမခံ
၁၁။ မီးအာမခံ
၁၂။ ငွေသားလုံခြုံမှုအာမခံ
၁၃။ ငွေပို့ငွေသယ်အာမခံ
၁၄။ သမာဓိအာမခံ
၁၅။ အလုံးစုံမော်တော်ယာဉ်အာမခံ
၁၆။ ရေကြောင်းကုန်စည်အာမခံ
၁၇။ ရေယာဉ်ကိုယ်ထည်အာမခံ

အထက်ပါအာမခံဝန်ဆောင်မှုများအနက် မြန်မာနိုင်ငံ၌ လူအများစိတ်ဝင်စားသော အာမခံဝန်ဆောင်မှုများမှာ စုပေါင်းအသက်အာမခံ၊ မီးအာမခံ နှင့် ကားအာမခံတို့ဖြစ်ပြီး GWI အနေဖြင့် အသက်အာမခံပေါ်လစီ (၂၀,၇၄၈) စောင်၊ မီးအာမခံပေါ်လစီ (၃,၂၁၁) စောင် နှင့် ကားအာမခံပေါ်လစီ (၁၃,၀၀၀) ကျော် ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။

ထို့အပြင် GWI သည် မြန်မာနိုင်ငံတွင် သီးနှံအာမခံကို ပထမဦးဆုံးတီထွင်မိတ်ဆက်ပေးခဲ့သော အာမခံကုမ္ပဏီဖြစ်ပြီး အဆိုပါသီးနှံအာမခံသည် မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုအခြေအနေများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုများကို ကာကွယ်ရန်ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ အဆိုပါ သီးနှံအာမခံအတွက် Pilot Project များကို ၂၀၁၆  ခုနှစ်တွင် စတင်ခဲ့ပြီး ယခုအခါ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် Pilot Project အနေဖြင့် စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။

Global World Insurance Company နှင့် ၎င်း၏ အာမခံဝန်ဆောင်မှုများအကြောင်း ထပ်မံသိရှိလိုပါက Global World Insurance Company ၏ Webiste စာမျက်နှာ http://www.gw-insurance.com/index.php/en/ နှင့် Facebook Page https://www.facebook.com/GlobalWorldinsurance/ တို့တွင် ဝင်ရောက်ကြည့်ရှုမေးမြန်းနိုင်ပါသည်။

– END –

## About Global World Insurance Company Limited (GWI)

***W’re Always With You***

ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီ (GWI) သည် အသက်အာမခံအပါအဝင် အာမခံဝန်ဆောင်မှု ၁၄ မျိုးကို ဝန်ဆောင်မှုပေးလျက်ရှိသော ပုဂ္ဂလိကအာမခံကုမ္ပဏီဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီသည် မြန်မာနိုင်ငံအနှံ့ရုံးခွဲပေါင်း (၆)ခုမှ ကျွမ်းကျင်ဝန်ထမ်း၂၀၀ ခန့် နှင့် မြန်မာနိုင်ငံအနှံ့မှ အာမခံကိုယ်စားလှယ်ပေါင်း ၅၀၁ ဦးနှင့် လက်တွဲလျက်  အာမခံဝန်ဆောင်မှုများကို ပိတ်ရက်မရှိ ၂၄ နာရီဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီသည် မြန်မာနိုင်ငံတွင် သီးနှံအာမခံကို ပထမဆုံးတီထွင်မိတ်ဆက်ပေးခဲ့သော အာမခံကုမ္ပဏီပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုအခြေအနေများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုများကို ကာကွယ်ရန်ရည်ရွယ်၍ သီးနှံအာမခံကို တီထွင်မိတ်ဆက်ပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါ သီးနှံအာမခံကို ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် Pilot Project အနေဖြင့် စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။